သို့
ကာကွယ်ရေးဝန်ကြီးများ
ဘရူနိုင်းဒါရုစလမ်၊ ကမ္ဘောဒီးယား၊
အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊
စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်

အာဆီယံအတွင်းရေးမှူးချုပ်ရုံး
Dr. Kao Kim Hourn၊ အာဆီယံ အတွင်းရေးမှူးချုပ်
Dato' Astanah Abdul Aziz၊ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်
(နိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်း)

အမျိုးသားညီညွတ်ရေးအစိုးရ
ဦးရည်မွန်၊ ကာကွယ်ရေးဝန်ကြီး
ဦးကျော်ဆွေ၊ အာဆီယံဆိုင်ရာ အထူးကိုယ်စားလှယ်

**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၊ ၃၀ ရက်**

**အကြောင်းအရာ၊ ၊ မကြာမီ ကျင်းပမည့် (၂၁) ကြိမ်မြောက် အာဆီယံ ကာကွယ်ရေး ဦးစီးချုပ်များအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ဒီမိုကရေစီနည်းကျ ကိုယ်စားပြုခွင့် ကိစ္စ။**

လေးစားအပ်သော အာဆီယံ ကာကွယ်ရေးဝန်ကြီးများ

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပမည့် ၂၁ ကြိမ်မြောက် အာဆီယံကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေးနှင့်စပ်လျဉ်း၍ မြန်မာပြည်သူတို့၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီနည်းကျ ကိုယ်စားပြုခွင့်ကို ထောက်ခံအားပေးရန် တောင်းဆိုသည့်အနေဖြင့် အောက်တွင်လက်မှတ်ရေးထိုးထားသည့် မိမိတို့အဖွဲ့အစည်း ၂၁၅ ဖွဲ့ (ယခင် ၁၁၂ ဖွဲ့နှင့် နောက်တိုး ၁၀၃ဖွဲ့)က ယခုအိတ်ဖွင့်ပေးစာကို ရေးသားပေးပို့လိုက်ပါသည်။ အထူးသဖြင့် မိမိတို့ တောင်းဆိုလိုသည်မှာ

၁။ အဆိုပါအစည်းအဝေးတွင် မြန်မာပြည်သူလူထု ကိုယ်စားပြုအနေဖြင့် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံခေါင်းဆောင်များဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရကို တက်ရောက်ခွင့်ပေးရန်။

၂။ မြန်မာနိုင်ငံ၏ အစိုးရအဖွဲ့အစည်းများကို တရားမဝင် သိမ်းပိုက်ထားသည့် စစ်အုပ်စု ကိုယ်စားလှယ်များနှင့် ၎င်းတို့ ခန့်အပ်ခံများအား အစည်းအဝေးမှ ဖယ်ရှားရန်။

၃။ စစ်အုပ်စုကိုယ်စားလှယ်များနှင့် ၎င်းတို့ခန့်အပ်ခံများအား နောင်လာမည့် AMMTC အစည်းအဝေးအားလုံးသို့ တက်ရောက်ခွင့် ပိတ်ပင်ရန်။

အဆိုပါအစည်းအဝေးများမှ မြန်မာစစ်တပ်အား ထုတ်ပယ်ခြင်းမရှိပါက မြန်မာနိုင်ငံ ဒီမိုကရေစီအရေးကို ထောက်ခံအားပေး သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်များ အနေဖြင့် မြန်မာစစ်အုပ်စုအား ဖယ်ရှားနိုင်သည့်အချိန်အထိ ယခုအစည်းအဝေးနှင့် နောင်လာမည့် အစည်းအဝေး အားလုံးကို ဆန့်ကျင်သပိတ်မှောက်ရန် ကျွန်ုပ်တို့ တောင်းဆိုသည်။

မြန်မာစစ်တပ်သည် ပြည်သူအား ပြည်ပခြိမ်းခြောက်မှုများမှ ကာကွယ်ပေးသည့် အရပ်ဘက်ထိန်းချုပ်မှု အောက်တွင် ရှိသော လက်နက်ကိုင်တပ်ဖွဲ့ မဟုတ်ကြောင်းကို အလေးပေး ထောက်ပြလိုသည်။ အာဏာသိမ်းရန်ကြိုးပမ်းသည့် စစ်အုပ်စု၏ ထိန်းချုပ်မှုအောက်တွင် လည်ပတ်နေသည့် စစ်တပ်ဖြစ်သည်။ အာဏာသိမ်းရန် ကြိုးပမ်းသည့် စစ်အုပ်စုသည် မြန်မာစစ်တပ်အတွင်းတွင် ဖွဲ့စည်းထားသည့် တရားမဝင် ရာဇဝတ်အဖွဲ့အစည်းဖြစ်သည်။ စစ်အုပ်စုသည် မည်သို့သော အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြင့်မဆို အစိုးရတစ်ရပ် မဟုတ်သောကြောင့် ၎င်းစစ်အုပ်စုက ခန့်အပ်ထားသူများသည် အာဆီယံအစည်းအဝေးများတွင် မြန်မာပြည်သူလူထုကို ကိုယ်စားပြုရန် တရားဝင်မှု မရှိပါ။
သို့သော် အာဆီယံသည် ၂၀၂၁၊ ၂၀၀၂ နှင့် ၂၀၂၃ ခုနှစ်များတွင် ကျင်းပခဲ့သည့် အာဆီယံ ကာကွယ်ရေးဦးစီးချုပ် အစည်းအဝေးများတွင် စစ်အုပ်စုအား မြန်မာနိုင်ငံကို ကိုယ်စားပြုခွင့်ပေးခဲ့သည်။

စစ်အုပ်စု ထိန်းချုပ်ထားသည့် ကြည်း၊ ရေ၊ လေ တပ်များသည် ပြည်သူလူထုအပေါ် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်နေသည့်အချိန်တွင် စစ်အုပ်စုအား မြန်မာနိုင်ငံကို ကိုယ်စားပြုခွင့်ပေးခဲ့ခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်တွင် အာဆီယံသည် မင်းအောင်လှိုင်ကိုပင် မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် လက်ခံခဲ့သည်။ မင်းအောင်လှိုင်နှင့် စစ်တပ် ထိပ်တန်းခေါင်းဆောင်များအပြင် ၎င်းတို့ထိန်းချုပ်ထားသည့် စစ်ဘက်ဆိုင်ရာအဖွဲ့အစည်း အများအပြားကို ယခုအချိန် တွင် ယူကေ၊ ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျ တို့က ပိတ်ဆို့အရေးယူထားသည်။

ထို့အပြင် အာဏာသိမ်းရန်ကြိုးပမ်းမှု စတင်ချိန်မှစ၍ ယခုအချိန်အထိ မြန်မာစစ်တပ်သည် အာဆီယံကာကွယ်ရေး ဝန်ကြီးများ အစည်းအဝေး (ADMM နှင့် ADMM-Plus) တို့၏ လုပ်ငန်းဖွဲ့စည်းပုံများ၏ တရားဝင်အခန်းကဏ္ဍများတွင် ဆက်လက်တာဝန်ယူဆောင်ရွက် နေသည်ကို ဝမ်းနည်းစွာ တွေ့မြင်ရသည်။ လူကြီးမင်းများ သိရှိသည့်အတိုင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးအဖွဲ့ ADMM-Plus Experts Working Group ၏ လေ့ကျင့်မှုများကို မြန်မာ စစ်တပ်နှင့် ရုရှားတို့မှ ပူးတွဲသဘာပတိများအဖြစ် ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ပြုလုပ်ခဲ့သည်။ ထို့အပြင် ရုရှားနိုင်ငံတွင် ကျင်းပသည့် စစ်ဘက်ဆိုင်ရာ လေ့ကျင့်မှုများတွင် မြန်မာစစ်တပ်ကိုယ်စားလှယ်များသည် ဒီမိုကရေစီ နည်းကျ ရွေးကောက်ခံ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) တို့ကို တိုက်ခိုက်ရာ တွင် အသုံးပြုနိုင်သည့် နည်းဗျူဟာများကို ပေါ်ပေါ်တင်တင် ဆွေးနွေးခဲ့သည်။ အာဏာသိမ်းရန် ကြိုးပမ်းမှုစတင်ချိန်မှစ၍ စစ်အုပ်စုသည် အာဆီယံလေတပ် ဦးစီးချုပ်များညီလာခံနှင့် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး နှစ်ခုလုံးကို ဦးဆောင်ခဲ့သည်။ စစ်တပ်သည် ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံ၌ လေတပ်ဦးစီးချုပ်များ ညီလာခံကို လက်ခံကျင်းပခဲ့ပြီး ယခုနှစ်တွင် ရေတပ်အကြီးအကဲများ အစည်းအဝေးကိုလည်း လက်ခံကျင်းပရန် စီစဉ်ထားသည်။

အာဆီယံသည် မြန်မာနိုင်ငံကိုယ်စား စစ်အုပ်စုကိုယ်စားလှယ်များအား အစည်းအဝေးများတွင် ပါဝင်ခွင့်ပြုခြင်း၊ ADMM-Plus စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခွင့်ပြုခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍများတွင် ဆောင်ရွက်ခွင့် ပြုခြင်းများသည် အာဆီယံအနေဖြင့် စစ်အုပ်စုအား လွဲမှားသည့် တရားဝင်မှုကို ပေးအပ်ခြင်းဖြစ်နေသလို မြန်မာလူထုအပေါ် စစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များကို တိုက်ရိုက်ပံ့ပိုးကူညီနေခြင်းလည်းဖြစ်သည်။ ထိုသို့ စစ်အုပ်စုအား ဆက်လက်ထောက်ခံပေး နေမှု သည် မြန်မာနိုင်ငံတွင်းရှိ တင်းမာမှုများကို ပိုမိုလောင်မြိုက်စေပြီး အာဆီယံ၏ သံတမန်ရေးချဉ်းကပ်မှုနှင့် ကြားဝင် စေ့စပ်ညှိနှိုင်းအပေါ် အများပြည်သူ ယုံကြည်နိုင်မှုကို ပျက်ယွင်းစေသည်။

လူကြီးမင်းများ သိရှိပြီးဖြစ်မည့်အတိုင်း ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနည်းကျ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပခဲ့သည်။ တောင်ပြိုကမ်းပြို အောင်ပွဲဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)

ဦးဆောင်သောအစိုးရကို မဲဆန္ဒရှင်များက ရွေးကောက်ခဲ့သည်။ ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတကြောင်း၊ ရွေးကောက်ပွဲ ရလဒ်သည် မြန်မာပြည်သူလူထု၏ဆန္ဒကို ကိုယ်စားပြုကြောင်း အမှီအခိုကင်းသော ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများက တညီတညွတ်တည်း ကောက်ချက်ချခဲ့သည်။

သို့သော် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ ရက်နေ့တွင် မြန်မာစစ်တပ်သည် တရားမဝင် အာဏာသိမ်းရန် ကြိုးပမ်းမှု စတင်ခဲ့သည်။ ထိုအချိန်မှစ၍ တရားမဝင် စစ်အုပ်စုသည် ပြည်တွင်းဝန်ကြီးဌာနများ၊ ဗဟိုဘဏ်၊ ပြည်ပသံရုံးများနှင့် ယခင်နိုင်ငံအဆင့် ကုန်သွယ်မှုနှင့် စက်မှုလက်မှုကုန်သည်ကြီးများအသင်းအပါအဝင် အစိုးရအဖွဲ့အစည်း အများအပြားကို သိမ်းပိုက်ခဲ့ပြီး၊ မြန်မာနိုင်ငံအစိုးရအဖြစ် ဟန်ဆောင်ရပ်တည်ရန် ကြိုးပမ်းခဲ့သည်။ စစ်အုပ်စုသည် ၎င်းကိုယ်၎င်း "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ" ဟု ရည်ညွှန်းသုံးစွဲနေသော်လည်း ၎င်းတို့တွင် အစိုးရရုံးများကို အုပ်ချုပ်ပိုင်ခွင့် မရှိသည်သာမက နိုင်ငံပိုင်နယ်မြေအများစုကိုလည်း ထိန်းချုပ်နိုင်မှု မရှိတော့ပေ၊ နယ်မြေအများစုသည် ဒီမိုကရေစီ တော်လှန်ရေး လှုပ်ရှားမှုနှင့် တိုင်းရင်းသား အုပ်ချုပ်ရေး လက်အောက်သို့ ရောက်ရှိနေပြီဖြစ်သည်။ စစ်အုပ်စုကို မြန်မာပြည်သူများက နေရာအနှံ့အပြားတွင် ပြင်းပြင်းထန်ထန် ဆန့်ကျင်နေသည်။

စစ်အုပ်စုသည် မြန်မာပြည်သူလူထုကို ဖိနှိပ်အုပ်ချုပ်နိုင်ရန် ရည်ရွယ်၍ နိုင်ငံအနှံ့တွင် အင်မတန် ရက်စက် ကြမ်းကြုတ်သော ရာဇဝတ်မှုများကျူးလွန်သည်။ ယနေ့အချိန်အထိ စစ်တပ်သည် လူပေါင်း ၅,၅၀၀ ကျော်အား သတ်ဖြတ်ခဲ့ပြီး၊ ၂၇,၂၀၀ ကျော်အားဖမ်းဆီးခဲ့ကာ၊ ၂၀,၇၀၀ ကျော်အား အကျဉ်းချခဲ့သည်။ စစ်တပ်သည် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု များ၊ အရပ်သားပြည်သူများကိုပါ ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုများ၊ အမြောက်လက်နက်များဖြင့် ပစ်ခတ်မှုများ၊ လိင်ပိုင်းဆိုင်ရာနှင့် ကျား-မဖြစ်တည်မှု အခြေပြု အကြမ်းဖက်မှုများ၊ အကြီးအကျယ် ညှဉ်းပန်းနှိပ်စက်မှု များနှင့် မီးရှို့မှုများကို ကျူးလွန်ခဲ့သည်။ ယင်းရာဇဝတ်မှုများကြောင့် ယခုအခါ နေရပ်စွန့်ခွာထွက်ပြေးနေရသူပေါင်း ၃.၂ သန်းကျော်ပြီဖြစ်သည်။ ဤရက်စက်ကြမ်းကြုတ်မှုများသည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန် သည့် ရာဇဝတ်မှုများမြောက်သည့် လုပ်ရပ်များဖြစ်သည်။ ယင်းရာဇဝတ်မှုများကို နိုင်ငံတကာ ရာဇဝတ်ခုံရုံး (အိုင်စီစီ)နှင့် အာဂျင်တီးနားရှိ အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး ရှေ့မှောက်တွင် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ကျူးလွန်မှုဖြင့် တရားစွဲဆိုခံထားရသည့် စစ်တပ်ကပင် ကျူးလွန်နေခြင်း ဖြစ်သည်။ စစ်အုပ်စုသည် မြန်မာနိုင်ငံ ဥပဒေအရသာမက၊ နိုင်ငံတကာဥပဒေတွင် သတ်မှတ်ထားသည့် အကြမ်းဖက်အဖွဲ့အစည်း အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ကိုက်ညီသည်။

အစိုးရနှင့်လွှတ်တော်တို့မှ ကျန်ရှိသောရွေးကောက်ခံကိုယ်စားလှယ်များသည် ပြည်ထောင်စု လွှတ်တော် ကိုယ်စားပြု ကော်မတီ (CRPH) ကို ဖွဲ့စည်းပြီး ၂၀၂၀ ရွေးကောက်ပွဲရလဒ်များမှ ရရှိလာသည့် လုပ်ပိုင်ခွင့်များအပေါ် အခြေခံ၍ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) ကို ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် NUG သည် တိုင်းပြည်တွင်းနှင့် နိုင်ငံတကာ အဆင့်တွင် မြန်မာပြည်သူများ၏ တစ်ခုတည်းသော တရားဝင် ကိုယ်စားပြုသူဖြစ်သည်။

အာဆီယံနှင့် နိုင်ငံခြားအစိုးရများသည် စစ်အုပ်စုအား အစိုးရတစ်ရပ်သဖွယ် ဆက်ဆံသည့်အခါဖြစ်စေ၊ စစ်အုပ်စု ကိုယ်စားလှယ်များအား နိုင်ငံတကာ ကာကွယ်ရေး အသိုင်းအဝန်းနှင့် ချိတ်ဆက်နိုင်ရန် အထောက်အကူပေးသည့်အခါ ဖြစ်စေ၊ မြန်မာပြည်သူများအားကြီးမားစွာ ထိခိုက်နစ်နာစေသည်။ ထိုသို့ထိခိုက်နစ်နာမှုများတွင် အောက်ပါတို့ အပါအဝင် ဖြစ်သည်။

- မြန်မာပြည်သူလူထုကိုယ်စား စစ်အုပ်စုက တရားမဝင် ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊

- မြန်မာပြည်သူများအား တိုက်ခိုက်ရန် မြန်မာစစ်တပ်၏ စွမ်းရည်ကို တိုးမြှင့်စေခြင်း၊
- မြန်မာစစ်အုပ်စုအား တရားဝင်ဖြစ်စေခြင်းနှင့် အစိုးရတရပ်အဖြစ် အသွင်ဖန်တီးနေသည့် ၎င်းတို့၏ တရားမဝင်ကြိုးပမ်းမှုကို အကူအညီဖြစ်စေခြင်း၊
- စစ်အုပ်စုအား နိုင်ငံတကာနှင့် ဆက်ဆံရေး တည်ဆောက်ရန်၊ ရန်ပုံဘဏ္ဍာငွေနှင့် အရင်းအမြစ်များ ရရှိရန် အကူအညီဖြစ်စေခြင်း နှင့်
- စစ်တပ်က နိုင်ငံကို အပြည့်အဝထိန်းချုပ်နိုင်ရန် တရားမဝင်ကြိုးပမ်းမှုတွင် အကူအညီ ဖြစ်စေခြင်း။

ထို့အပြင် စစ်အုပ်စုအတွက် ဘဏ္ဍာငွေနှင့် အရင်းအမြစ်များ ပေးအပ်သူ သို့မဟုတ် ရရှိအောင် ကူညီပေးသူ မှန်သမျှသည် စစ်အုပ်စုကျူးလွန်လျှက်ရှိသည့် ရာဇဝတ်မှုများတွင် ကြံရာပါဖြစ်သည့် အခြေအနေသို့ ကျရောက်သွားနိုင်သည်။

အာဆီယံနှင့် အဖွဲ့ဝင်နိုင်ငံများသည် မြန်မာစစ်အုပ်စုအပေါ် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ထားပြီး ဖြစ်ပါသည်။ ဥပမာအားဖြင့် အာဆီယံသည် ယခင်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ထိပ်သီးဆွေးနွေးပွဲများတွင် စစ်အုပ်စုအား ဖယ်ရှားခဲ့ပြီး၊ ၂၀၂၆ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံအား ပေးအပ်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ကြသည်။ ထို့အပြင် ၂၀၂၂ ခုနှစ် နိုင်ဝင်ဘာလ၌ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (ADMM) တွင် စစ်အုပ်စုကိုယ်စားလှယ် မြထွန်းဦးကို ဖယ်ထုတ်ခဲ့သည်။ ဖိလစ်ပိုင်၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် စစ်အုပ်စု လက်ခံကျင်းပသည့် လေတပ်စစ်ဦးစီးချုပ်များ ညီလာခံကို သပိတ်မှောက်ခဲ့ကြသည်။ အာဆီယံအဖွဲ့ဝင် စင်ကာပူနှင့် ADMM-Plus အဖွဲ့ဝင် သြစတြေးလျ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် မြန်မာစစ်အုပ်စုနှင့် ရုရှားတို့က ပူးတွဲကျင်းပသော အကြမ်းဖက်မှုတန်ပြန်ရေး စစ်ဘက်ဆိုင်ရာ လေ့ကျင့်မှုကို သပိတ်မှောက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ပြုလုပ်သည့် စစ်ဘက်ဆိုင်ရာ လေ့ကျင့်မှုများနှင့် ပတ်သက်၍ ထုတ်ပြန်သော သင်တန်းဓာတ်ပုံများတွင် ဂျပန်၊ စင်ကာပူနှင့် တောင်ကိုရီးယားတို့ မပါဝင်ကြောင်းကို ကျွန်ုပ်တို့ သတိပြုမိသည်။ ထို့အပြင် အာဏာသိမ်းရန် ကြိုးပမ်းမှု စတင်ချိန်ကတည်းက ADMM-Plus အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် သြစတေးလျနှင့် အမေရိကန်ပြည်ထောင်စုတို့က မြန်မာစစ်အုပ်စုနှင့် ၎င်းတို့ထိန်းချုပ်ထားသည့် အဖွဲ့အစည်း များအပေါ် ပိတ်ဆို့အရေးယူမှုများ ချမှတ်ထားခဲ့သလို နယူးဇီလန်နိုင်ငံကလည်း မြန်မာစစ်အုပ်စုကို ခရီးသွားလာခွင့် ပိတ်ပင်ခဲ့သည်။ ထိုသို့ တုံ့ပြန်ဆောင်ရွက်မှုများအားလုံးကို မြန်မာပြည်သူလူထုက ကြိုဆိုသည်။

သို့သော်လည်း အာဆီယံအနေဖြင့် လေးနက်သည့် လုပ်ဆောင်ချက်များ ဆက်လက် ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေသည်။ အာဆီယံအစည်းအဝေးများနှင့် အခမ်းအနားများမှ စစ်အုပ်စုအား ဖယ်ထုတ်ရန်နှင့် မြန်မာပြည်သူ များ ကိုယ်စား ဒီမိုကရေစီနည်းကျ ရွေးကောက် တင်မြှောက်ထားသော အစိုးရမှ ကိုယ်စားပြုခွင့်ပေးရန် လိုအပ်သည်။ ဤသို့ လုပ်ဆောင်ချက်သည် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ စစ်အုပ်စုအား မြန်မာနိုင်ငံကို ကိုယ်စားပြုခွင့် မပြုသည့် ဆုံးဖြတ်ချက်နှင့် ကိုက်ညီပေမည်။ ယခုတောင်းဆိုချက်သည် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူး ကိုယ်စားလှယ်က တင်ပြခဲ့သည့် စိုးရိမ်ပူပန်မှုများကိုလည်း ပဲ့တင်ထပ်စေသည်။ ၎င်းသည် အာဆီယံ အစည်းအဝေး များ တွင် မြန်မာစစ်အုပ်စု၏ ဝန်ထမ်းများအား တက်ရောက်ခွင့်မပြုရန် အကြံပြုထားသည်။ ထို့အပြင် “စစ်အုပ်စု ဝန်ထမ်းများ အား ဖိတ်ကြားခြင်းကို ပြန်လည် မရုတ်သိမ်းပါက အစည်းအဝေး မတက်ရောက်ကြရန်” အာဆီယံ အဖွဲ့ဝင်နိုင်ငံများကို တောင်းဆိုထားသည်။ ထို့အပြင် အထူးကိုယ်စားလှယ်က “လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် မြန်မာပြည်သူများ၏ ဆန္ဒ ကို ထောက်ခံသော အဖွဲ့ဝင်နိုင်ငံများသည် စစ်ကောင်စီ၏ တရားဝင် အစိုးရဖြစ်ကြောင်း မှာယွင်းသောအဆိုကို

လူ့သိရှင်ကြား ဆန့်ကျင်ရန်နှင့် NUG ကို မြန်မာပြည်သူလူထု၏ တရားဝင် ကိုယ်စားလှယ်အဖြစ် အသိအမှတ်ပြုရန်" တိုက်တွန်းထားသည်။

နိုင်ငံခြားအစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေး ဆောင်ရွက်သည့်အခါတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ်လည်းကောင်း၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) ကို အမြင့်ဆုံးအတိုင်ပင်ခံအဖွဲ့အစည်းအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်/ ဖက်ဒရယ် ယူနစ်များနှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs) များကို အဓိက stakeholder များအဖြစ် လည်းကောင်း အသိအမှတ်ပြုရန် ကျွန်ုပ်တို့ တောင်းဆိုသည်။

အာဆီယံအစည်းအဝေးများအပါအဝင် နိုင်ငံတကာ ကဏ္ဍအားလုံးတွင် မြန်မာပြည်သူများ အား ကိုယ်စားပြုရန် သင့်လျော်သည်မှာ ဒီမိုကရေစီနည်းကျ တင်မြှောက်ထားသော အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီး ဦးရည်မွန်ကို mod@nugmyanmar.org သို့မဟုတ် ၎င်းတို့၏ တရားဝင်ဝဘ်ဆိုဒ်မှတဆင့် ဆက်သွယ်နိုင်သည်။ အကယ်၍ ၎င်းတို့နှင့် ဆက်ဆံရေး မတည်ဆောက်ရသေးပါက လူကြီးမင်းတို့အနေဖြင့် ဆက်ဆံရေး ထူထောင်ရန် ကျွန်ုပ်တို့ တိုက်တွန်းသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လက်ရှိအခြေအနေ၊ သတင်းအချက်အလက်များကို သိရှိရန်ဖြစ်စေ၊ မြန်မာနိုင်ငံ၏ တရားဝင်အစိုးရ ကိုယ်စားပြုသူများနှင့် တရားမဝင် စစ်အုပ်စု ကိုယ်စားလှယ်များအား ခွဲခြားသိရှိနိုင်ရန်ဖြစ်စေ အကူ အညီလိုအပ်ပါက ကူညီဆောင်ရွက်ပေးရန် ကျွန်ုပ်တို့ အသင့်ရှိနေသည်။

လူကြီးမင်းတို့၏တုန့်ပြန်မှုကို ကျွန်ုပ်တို့ စောင့်မျှော်လျက်ရှိသည်။ စစ်အုပ်စု၏ ပြည်သူများအပေါ် ပြင်းထန်သည့် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ရန်အားထုတ်မှုကို ကန့်သတ်ရန်နှင့် မြန်မာပြည်သူများအတွက် နိုင်ငံတကာ၏ ထောက်ခံမှု ရရှိစေရန် အာဆီယံအနေဖြင့် ဆောင်ရွက်မည်ဟု မျှော်လင့်သည်။ လူကြီးမင်းတို့၏ လုပ်ရပ်များသည် မြန်မာပြည်သူလူထုကို ထောက်ခံခြင်းလား သို့မဟုတ် ရက်စက်ပြီး တရားမဝင်သော စစ်အုပ်စုကို ထောက်ခံခြင်းလား ကျွန်ုပ်တို့ ဆက်လက် စောင့်ကြည့်သွားမည်။

လေးစားစွာဖြင့်

ဤစာအား မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ အရပ်ဘက်အဖွဲ့အစည်း ၂၁၅ ဖွဲ့ က လက်မှတ်ရေးထိုး ထောက်ခံသည်။ အမည်ဖော်ပြထားသော အဖွဲ့အစည်း ၁၄၈ ဖွဲ့နှင့် အမည်မဖော်ပြသော အဖွဲ့အစည်း ၆၇ ဖွဲ့ ပါဝင်သည်။

**အဖွဲ့အစည်းအမည်စာရင်း**

1. 5/ of Zaya State Strike
2. A-Yar-Taw People Strike
3. Action Committee for Democracy Development (ACDD
4. Action Committee of Basic Education Students (ACBES)
5. All Aung Myay Thar San Schools Strike Force
6. Alliance of Students' Union – Yangon (ASU-Yangon)
7. Anti-coup Forces Coordination Committee (ACFCC -Mandalay)
8. Anti-Junta Alliance Yangon-AJAY
9. Ayeyarwaddy West Development Organisation AWDO (Nagphe)
10. Ayeyarwaddy West Development Organisation.AWDO (Magway)

11. AYN Ayeyawaddy Youth Network
12. Burma Civil War Museum (BCM)
13. CDM Medical Network (CDMMN)
14. Chaung Oo Township Youth Strike Committee
15. Civil Information Network (CIN)
16. Coalition Strike Committee – Dawei
17. Dawei Youths Revolutionary Movement Strike Committee
18. Defend Myanmar Democracy
19. Depayin Township Revolution Steering Committee
20. Ethnic Youth General Strike Committee (Mandalay)
21. Federal Corner
22. Freedom and Labor Action Group
23. General Strike Collaboration Committee (GSCC)
24. General Strike Committee of Basic and Higher Education (GSCBHE)
25. Basic Education Worker Unions - Steering Committee (BEWU-SC)
26. Representative Committee of University Teacher Associations (RC of UTAs)
27. Basic Education General Strike Committee (BEGSC)
28. Generation Wave (GW)
29. India For Myanmar
30. Kachin Student Union
31. Kalay Township Strike Force
32. Kyain Seikgyi Spring Revolution Leading Committee
33. Latpadaung Region Strike Committee
34. Legal Aid for Human Rights
35. LGBT Alliance
36. LGBT Union – Mandalay
37. Monywa LGBT Strike
38. LGBT Community Yangon
39. LGBT Alliance Myanmar (Kalay Region)
40. LGBT Alliance Myanmar (Kyaukse Region)
41. Magway People's Revolution Committee
42. Mandalay Medical Family (MFM)
43. Mandalay Strike Force (MSF)
44. Samgha Sammaga-Mandalay
45. Mandalay Alliance Coalition Strike
46. Mya Taung Strike
47. Mandalar University Students' Strike
48. Chanmyatharzi Township People's Strike
49. Maharaungmyay Township People's Strike
50. Mandalay Youth Strike
51. No.12 Basic Education Branch High School ( Maharaungmyay) Students' Union
52. Co-operative University Mandalay Students' Strike
53. Mandalay-based People's Strike
54. Multi-Religions Strike
55. Myanmar Institute of Information Technology Students' Strike
56. Daung Sitthe Strike
57. Seinpann Strike
58. Industries Strike
59. Mandalay-Based University Students’ Unions (MDY_SUs)
60. MATA စစ်ကိုင်း
61. MayMyo Strike Force
62. Members of GSCB

63. Min Hla Farmers Group
64. Minbu Farmers Group
65. Monywa People's Strike Steering Committee
66. All Burma Federation of Student Unions (Monywa District)
67. Network of University Student Unions – Monywa
68. National League for Democracy (Monywa Township)
69. The 88 Generation Peace and Open Society (Monywa)
70. Thakhin Kodaw Mhine Peace Network (Monywa)
71. Former Political Prisoners and New Generation Group – Monywa
72. Civil Society Organizations Coordination Committee (Monywa)
73. Monywa-Amyint Road Strike Leading Committee
74. Myanmar Cultural Research Society (MCRS)
75. Myanmar Labor Alliance (MLA)
76. Myaung Youth Network
77. Myingyan Civillian Movement Committee
78. Oway Institute
79. Pale Township People's Strike Steering Committee
80. Pwintphyu Development Organisation
81. Pyi Gyi Tagon Strike Force
82. Shwe Pan Kone People`s Strike Steering Committee
83. Sourthen Monitor
84. Tamar Institute of Development
85. Taze Strike Commitee
86. Twitter Team for Revolution (TTFR)
87. University Students' Unions Alumni Force
88. Wetlet Revolution Leading Committee
89. White Coat Society Yangon (WCSY)
90. Women Alliance Burma (WAB)
91. Mandalay Women Strike
92. Yangon Women Strike
93. Monywa Women Strike
94. Monywa-Amyint Road Women Strike
95. Chindwin (West) Villages Women Strike
96. Kalay Women Strike
97. Depayin Women Strike
98. Taze Women Strike
99. Dawei ( Ashaetaw) Women Strike
100. Gangaw Women Strike
101. Thayat Chaung Women Strike
102. Wetlet Twonship Women Strike
103. Yadanabon University Students' Union ( YDNBUSU)
104. Yasakyo Township People`s Strike Steering Committee
105. Yinmarpin and Salingyi All Villages Strike Committee
106. တောင်သူ့လွတ်မြောက်ရေးအင်အားစု
107. ဒို့မြေကွန်ရက် ( LIOH )
108. ပွင့်ဖြူလယ်ယာမြေကွန်ရက်
109. အညာလွှင်ပြင်ရပ်ဝန်း

**ထပ်တိုး၍လက်မှတ်ထိုးထောက်ခံသည့် အဖွဲ့အစည်းအမည်စာရင်း**

110.All Arakan Students' and Youths' Congress (AASYC)
111.All Arakan Youth Organizations Network AAYON
112.All Burma Federation of Student Unions (Monywa District)
113.Anti Dictatorship in Burma - DMVPa Area
114.Arakan CSO Network
115.Arakan Peace Youth Network
116.Aung San Su Kyi Park, Norway
117.Blood Money Campaign
118.Center for Action Points (CAP)
119.Chanmyatharzi Township People's Strike
120.Chin Comnunity in Norway
121.Chindwin (West) Villages Women Strike
122.CRPH Support Group, Norway
123.Dawei (Ashaetaw) Women Strike
124.Democratic Party for a New Society, Norway.
125.Depayin Women Strike
126.Former Political Prisoners and New Generation Group – Monywa
127.Free Rohingya Coalition (FRC)
128.General Strike Coordination Body (GSCB)
129.HTY Scout Channel
130.Human Rights Foundation of Monland (HURFOM)
131.Information & Scout News (Hlaing)
132.Justice Movement for Community-Innlay
133.K'cho Ethnic Association (Europe)
134.Kachin Association Norway
135.Kamayut Scout Channel
136.KantBaLu Strike Committee
137. Kyauktada Strike Committee (KSC)
138.Magway Region Human Rights Network
139.Maharaungmyay Township People's Strike
140.Mandalar University Students' Strike
141.Mandalay Alliance Coalition Strike
142.Mandalay-based People's Strike Multi-Religions Strike
143.Matu Burma Foundation
144.Mayangone News
145.Mon Association – Norway
146.Monywa LGBT Strike
147.Myanmar Baptist Churches in Norway
148.Myanmar Catholic Community In Norway
149.Myanmar Hindu Union – Norway
150.Myanmar Institute of Information Technology Students' Strike
151.Myanmar Muslim Organization – Norway
152.Myanmar Tourism Committee
153.MyaYar Knowledge Tree
154.New Myanmar Foundation
155.New Power Generation
156.NLD Organization Committe (International) Norway
157.No.12 Basic Education Branch High School ( Maharaungmyay) Students' Union
158.NOK Information & Scout Echo
159.North Dagon & East Dagon News
160.Norway Matu Community
161.Norway Rawang Community
162.Norway-Myanmar Democratic Forces

163. NRFF - New Rehmonnya Federated Force
164. People Defense and Supporting Force
165. Rohingya Community in Norway
166. Samgha Sammaga-Mandalay
167. Save Myanmar - U.S.A:
168. Seinpann Strike
169. Sisters2Sisters
170. Sitt Nyein Pann Foundation
171. South Dagon Scouting Infos (SDG)
172. Tamwe Nway Oo Channel
173. Thaketa & Dawbon Scout Channel
174. Thayat Chaung Women Strike
175. The 88 Generation Peace and Open Society (Monywa)
176. Volunteers in Myanmar
177. Wetlet Township Women Strike
178. Women Alliance Burma (WAB) Mandalay Women Strike
179. Women Lead Resource Center
180. Yadanabon University Students' Union (YDNBUSU)
181. Yangon Deaf Group
182. Yangon Medical Network
183. Yangon Public Relations (YPR)
184. Youth Empowerment
185. Youth for democratization of Myanmar (UDM)
186. Youth Scout for Democracy (YSD)
187. Zomi Christian Fellowship of Norway
188. Zomi Community Norway
189. မျိုးဆက်-Generations
190. သမိုင်းသယ်ဆောင်သူများ